ရွှေပဒေသာစာပေ

ကြယ်စင်မျှားငေါ

ဘဝရဲ့ဝေကိပါ



(အဆုစ်လံးဆုင်းဝတ္ထုတွဲ)

အခန်း(၁)

“လွမ်းစစ်...”

ရင်ထဲမှာ နာကြည်းမှုအပြည့်နှင့်။

ကိုယ့်ဘဝကိုယ် ရွံရှာစက်ဆုပ်ရမှာ လား။ စုတ်သပ်ပြီး သနားနေရမှာ လားပင် မသိတော့။

အင်းစိန်ထောင်နီနီကြီးကို ကျောခိုင်းခဲ့ရာမှ သူ နောက်သို့ တစ်ချက်ပြန်လှည့်ကြည့်မိ၏။ ထိုကြောက်မက်ဖွယ်ရာ ထောင်ကြီးထဲမှ သူ့အသက်ကို သုံးကြိမ်တိတိ ကယ်တင်ခဲ့သည့် သွေးသောက်ညီအစ်ကို ‘ကိုရဲဒင်’ ရှိနေခဲ့လို့ ပါပင်။

ထောင်ထဲဝင်စဉ်က အဝတ်အစားအတိုင်း စတိုင်ဘောင်းဘီအနက်၊ တီရှပ်အဖြူနှင့်ပေမယ့် သူဟာ လွန်ခဲ့သည့်တစ်နှစ်ခွဲကာလလို ဖြူစင်နေသစ်သည့်သူဌေးသား လူပေါ်ကြော့၊ ဘာမသိညာမသိ သူငယ်နှပ်စားလေးမဟုတ်တော့။

အရင်က ချောမောလှပသည့် သူဌေးသားလေး မောင်လွမ်းစစ်ဟာ ယခုတော့ ပင်လယ်ရေနှင့် ဆေးကြောခံခဲ့သည့် ငါးတစ်ကောင်လို အရာရာ ရင့်ကျက်ခဲ့ပေပြီ။

သူ့နှလုံးသားတွေ အသားမာတက်ခဲ့ပြီပေါ့။ ခြေလွတ်လက်လွတ် လျှောက်လာခဲ့ရပေမယ့် လွတ်လပ်ခြင်း၏ အရသာက ရင်ဘတ်ထဲထိ

ထိုးဖောက်စိမ့်ဝင်လာပေ၏။

ကိုယ့်ဘဝအကြောင်း ကိုယ်ပြန်မတွေးချင်ပေမယ့် ရူးမသွားတော့လည်း အခက်သား၊ အတိတ်ဆိုတာ ဘယ်သောအခါမှ မေ့ပျောက်လိမ့်မှာလဲ။

ဘာပဲဖြစ်ဖြစ် လောလောဆယ် သူမှာ အရေးကြီးဆုံး တာဝန်တစ်ရပ်ကို ထမ်းဆောင်ရပေဦးမည်။ ထိုတာဝန်ကတော့ သူ့ရဲ့ သွေးသောက် အစ်ကိုတော် 'ကိုရဲဒင်' ပေးအပ်ထားခဲ့သည့် တာဝန်။

"ငါ့ညီ၊ အစ်ကို့ကို တကယ်ကျေးဇူးဆပ်ချင်တယ်ဆိုရင် အစ်ကို အကူအညီတောင်းတဲ့ အလုပ် လုပ်ပေးပါ။ ငါ့ညီ ဒီကထွက်ထွက်ချင်း မြစ်ကြီးနားကိုသွား။ မြစ်ကြီးနားရဲ့ အရှေ့ဘက် (၁၃) မိုင်ခရီးလောက်မှာ 'စီးဖူး' ရွာတွေ့လိမ့်မယ်။ အဲဒီရွာမှာ ရှိတဲ့ မြင့်မိုရ်ရဲ့ ညီမလေးနှစ်ယောက်ကို ငါ့ညီအမြန်ဆုံးသွားပြီး ကူညီပေးပါ"

"မြင့်မိုရ်ဆိုတာ အစ်ကို သတ်ခဲ့တဲ့ လူမဟုတ်လား။ လူဆိုးတစ်ယောက်ရဲ့ ညီမတွေကို ဘာကိစ္စကူညီရမှာ လဲ"

"ငါ့ညီမသိပါဘူးကွာ၊ သူနဲ့ အစ်ကိုက လုပ်ဖော်ကိုင်ဖက်တွေပါ။ အိမ်ကြက်ချင်း အိုးမည်းသုတ်ပြီး တိုက်ခံရလို့ ၊ အစ်ကို ညံ့လို့ သူ့ကို သတ်ဖြစ်ခဲ့မိတာ"

"သတ်မိလည်း ဘာဖြစ်လဲအစ်ကိုရာ၊ ယောကျ်ားဝီပီ အစ်ကို ခံနေရတာပဲမဟုတ်လား။ အခု အဲဒီ အပြစ်အတွက် အစ်ကို ထောင်ဒဏ် ခုနစ်နှစ်ကျခံနေခဲ့ရပြီလေ"

"ဟုတ်တယ်၊ ဒါပေမဲ့ အစ်ကို့ရင်ထဲမှာ အမြဲနောင်တရနေမိတယ်။ မြင့်မိုရ်ကို သတ်မိတာ အစ်ကိုသူတို့ ဆင်တဲ့ ခွင့်ထဲကို ရောက်သွားခဲ့တာ။

သူ့ကို တစ်ယောက်ထဲ သတ်မိပေမယ့် အစ်ကိုဟာ ဘဝသုံးခုကို သတ်မိသလိုဖြစ်သွားပြီ”

“ဘာတွေလဲဗျ၊ အစ်ကို့စကားတွေ ကျွန်တော်တော့ နားမလည်ပါဘူး”

ဒါ သူထောင်မှ မထွက်ရခင် တစ်ပတ်ခန့်က အစ်ကိုရဲဒင်နှင့်ပြောဖြစ်ခဲ့သည့် စကားတွေ။ ထောင်ထဲကရဲဘက်စခန်းမှာ အတူအိပ် အတူနေ အတူစားခဲ့ရသည့်ဘဝတွေ။

အစ်ကိုက နှစ်ကြီးသမား၊ အကြမ်းပတမ်းခံသည့်ဘဝသမား။ သူ့ကို သူဌေးသား နုနုနယ်နယ် လေးမဟုတ်။ ဒီကြားထဲ သူပထွေးတော်ကြီးက လုံးဝလှည့်မကြည့်သဖြင့် သူမှာ လိုမဲ့ခံနေရသည် ။

သူသက်သာရာရအောင် အစ်ကိုရဲဒင်ကပဲ ကူညီဖေးမစောင့်ရှောက်ခဲ့ရ၏။ ထောင်ထဲက လူမိုက် လူရမ်းကားတွေ၏ ဒဏ်မှ လွတ်အောင်လည်း သူပဲ ဖေးမခဲ့သည် ။ ပြောရလျှင် အစ်ကိုဟာ သူ့အတွက် ဘုရားသခင်ဖန်ဆင်းပေးသည့်လူ။ သူ့အသက်သခင်။

“ငါ့ညီရေ့၊ အစ်ကိုလည်း သွေးပူနေတုန်းကတော့ မစဉ်းစားမိခဲ့ဘူး။ အစ်ကိုက ဝုန်းဝုန်းဒိုင်းဒိုင်းသမား။ ခုတော့ အစ်ကို့ ဒဏ် အစ်ကိုခံနေရပြီ။ သေသေချာချာစဉ်းစားလိုက်တော့မှ အစ်ကို နောင်တရမိခဲ့တယ်။ အစ်ကိုလို မိမရှိဖမရှိတဲ့ တစ်ကောင်ကြွက်က လောကကြီးကို မျက်ကန်းတစ္ဆေမကြောက်ခဲ့ပေမယ့် ညီမနှစ်ယောက်တည်းရှိတဲ့ မြင့်မိုရ်ခမျာ သေတာတောင် မဖြောင့်နိုင်ရှာဘူး”

“ဗျာ”

“ဟုတ်တယ် ငါ့ညီ၊ ငါ တစ်ခါတစ်ခါ ညဘက်လန့်လန့်အော်တာ

သွေးလေချောက်ချား တာ မဟုတ်ဘူး ။ မြင့်မိုရ် ငါ့ကို လာပြီး သောင်းကျန်းနေတာ။ ငါအိပ်ပျော်သွားရင် အိပ်မက်လိုလို တကယ်လိုလို နဲ့ အခွင့်သာရင် ရောက်လာရော။ မားထိုးခံထားရတဲ့ သွေးသံရဲရဲဒဏ်ရာ ကြီးနဲ့ ငါ့ကို ဆူပူကြိမ်းမောင်း ဆဲဆိုရင်း လည်ပင်းညှစ်တယ်။ 'ငါညီမ တွေကို သွားကူပေး၊ သွားကယ်ပေး' နဲ့ ဝုန်းဒိုင်းကြဲနေတာပဲ။ ငါကလည်း ထောင်ကလွတ်ဖို့ အဝေးကြီး ကျန်သေးတယ်။ ငါညီကို အစ်ကိုစိတ်ချတယ်၊ အစ်ကို့တာဝန် ငါညီထမ်းဆောင်ပေးမယ်လို့ ယုံကြည်တယ်"

"သူညီမလေးတွေက ဘယ်အရွယ်လဲ၊ ကျွန်တော့်ကို လုံးဝမသိဘဲနဲ့ ကျွန်တော် ကူညီစောင့်ရှောက်တာ ခံမလား အစ်ကိုရဲ့ ။ ဘာလဲ... အစ်ကို က ကြားထဲက မိတ်ဆက်စာရေး ပေးလိုက်မှာ လား"

"သူညီမလေးတွေက ငါထောင်ထဲဝင်ခါစတုန်းကတော့ တစ်ယောက် က (၁၆)နှစ်၊ တစ်ယောက်က (၁၄)နှစ်ကွ။ ရုပ်ချောလေးတွေ။ ငါမိတ်ဆက်စာရေးပေးလို့ ဘယ်ဖြစ်မလဲ။ တော်တော် ကပ်တီးကတ်ဖဲ့ပြောတဲ့ ကောင်။ သူတို့ အစ်ကိုကို သတ်ခဲ့တဲ့ လူကို သူတို့ ဘယ်ကျေနပ် ပါ့မလဲ။ ဘယ်ယုံကြည်ပါ့မလဲ။ ငါကသာ မြင့်မိုရ်က ငါ့သူငယ်ချင်းလည်း ဖြစ်ပြန် ၊ ငါ့ကိုလည်း အမြဲနှောင့်ယှက် ကူညီခိုင်းနေလို့ ကူညီကယ်တင်ပေးချင် နေတာ"

"မင်းကို ငါအလကားမခိုင်းပါဘူးကွာ၊ ငါထောင်မကျခင်က အပ် ထားခဲ့တဲ့ အထုပ်ကလေး စီးဖူးရွာဘုန်းကြီးကျောင်းက ကပ္ပိယကြီးဆီမှာ ရှိတယ်။ ငါစာရေးပေးလိုက်မယ် သွားတောင်း။ အဲဒီ ပစ္စည်းတွေ ထုခွဲရောင်းချပြီး အဲဒီကောင်မလေးနှစ်ယောက်ကို ကူညီ စောင့်ရှောက်ထားပေးပါ"

“တစ်သက်လုံးလား အစ်ကို၊ တစ်သက်လုံးကြီးတော့ မကူညီစေခင် ရှောက်နိုင်ဘူးနော်။ ကျွန်တော့်ရည်ရွယ်ချက်တွေ ရှိသေးတယ်”

“မင်းရည်ရွယ်ချက်တွေ ငါသိပါတယ်။ မင်းပထွေးနဲ့ အဖွဲ့ကို ပြန်ဖြို ချင်တာမဟုတ်လား။ စိတ်ချ . . . ငါထောင်ကထွက်လာရင် မင်းကိုကူညီ မယ်”

“ဟုတ်ပါပြီ၊ အစ်ကိုကျေးဇူးတွေက ကျွန်တော့်အပေါ်မှာ အများကြီး ပါ။ အစ်ကိုနဲ့ သာ မတွေ့ရင် ကျွန်တော် ထောင်ထဲမှာ သူတို့ ဝိုင်းသမ တာနဲ့ သေလောက်ပြီ။ စိတ်ဓာတ်ကျနေတာရော၊ လူပင်ပန်းတာရော”

“ဒါတွေ ခေါင်းထဲမထည့်ပါနဲ့ ကွာ။ အစ်ကိုလည်း ငါ့ညီကို ညီအစ်ကို လို သဘောထားလို့ သာ ထိပ်တန်းလျှို့ဝှက်ချက်တွေကို အကုအညီတော င်းတာပါ။ ကဲ နားထောင်၊ မြင့်မိုရ်ရဲ့ ညီမလေး နှစ်ယောက်နာမည်က နှ င်းနုမိုရ်နဲ့ ပန်းလဝန်းမိုရ်တဲ့ ”

“နာမည်တွေကတော့ အပျိုစားပါလား”

“လူတွေလည်း ချောမှာ ပေါ့လေ၊ ငါထောင်ထဲဝင်တုန်းက ဥမမည် စာမမြောက်လေးတွေကွ။ ဘယ်လိုနေဘယ်လိုစားကြမယ်တောင်မသိ ဘူး။ ငါထောင်ကျတာလည်း သုံးနှစ်ရှိပြီလေ၊ မြင့်မိုရ် လာသောင်းကျန်း တာလည်း သုံးနှစ်ရှိပြီ။ တစ်လတစ်ခါ မှန်မှန် လာပြီး ငါ့ကိုခိုင်းတယ်။ ငါလည်း ကြာရင် ရူးတော့မယ်။ ငါကိုယ်တိုင် ထောင်ကျနေရတော့ ဘ ယ်ကူညီနိုင်မလဲကွာ။ အပြင်လူခိုင်းရအောင်ကလည်း ကျားထက်ရှင်ကြီးဆိုးနေကြမှာ စိုးလို့ ။ ငါ့အသိုင်းအဝိုင်းက ဒုစရိုက်သ မားတွေ ချည်းပဲလေ။ အင်း... ခုတောင် သူတို့ ညီအစ်မ ‘ဦးစက်ရောင်’ ရဲ့ လ က်ထဲ ရောက်ကုန်ပြီ လားမသိပါဘူးကွာ”

“ဦးစက်ရောင်ဆိုတာ ဘယ်သူလဲ”

“ငါတို့ အထက်က ဒုစရိုက်မှောင်ခိုသမားကြီးပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် ငါ့ညီ ဒီကောင်မလေး နှစ်ယောက်ကို လိမ္မာပါးနပ်စွာနဲ့ ကယ်ထုတ်ပေးပါ။ အစ်ကို အနူးအညွတ်တောင်းပန် ပါတယ်”

နောက်ဆုံးတော့ ဒီလောက်စိတ်အားထက်သန်စွာ ခိုင်းနေသည့် အစ်ကိုရဲဒင်ကို သူကတိပေး လိုက်ရပါသည် ။

*

အခန်း(၂)

“စီးဖူးရွာ...”

အထက်တန်းကျောင်း။ တိုက်နယ်ဆေးရုံမရှိတာကလွဲလို့ တကယ့်ရွာကြီးပါ။

ပထမဦးဆုံး ကိုရဲဒင်ညွှန်ပြလိုက်သည့် ဘုန်းတော်ကြီးကျောင်း၊ ကပ္ပိယကြီး ဦးဘမိုးဆီ ဝင်ရသည် ။ ဒုစရိုက်သမားတွေ ကြီးစိုးသည့်ရွာမို့ သူအရမ်းလှုပ်ရှားလို့ မဖြစ်။

ပြီးတော့ သူက သူတို့လိုကျားငစဉ်းလဲတွေမဟုတ်၊ ကျားဆိုရင်တောင် သူက သွားပေါက်ခါစ ကျားလေး။ အဲ... ကျားနာ။ လောကကြီးနှင့် ပထွေးတော်ကြီးရဲ့ အသိုင်းအဝိုင်းကို နာကြည်းနေသည့် ကျားလေး။

“ကျားလေး...”

ကောင်းတယ်၊ ငါ့နာမည် ကျားလေးလို့ ပေးရမယ်။ အစ်ကိုရဲဒင်ခိုင်းလိုက်တဲ့ တာဝန်ကို လျှို့ဝှက်စွာထမ်းဆောင်ရဦးမည်မို့ နာမည်ရင်းကို လူသိလို့ မဖြစ်။ ပညာတွေလည်း ဖြည့်ရဦးမည်။ ဒါမှ သူ့ပထွေးဦးအောင်စည်နှင့် သားနှစ်ယောက်ဖြစ်သည့်နေမျိုးနှင့် နေစိုးတို့ ကို သူယှဉ်နိုင်မည်။

ကချင်ရွာမို့ ခေါင်ရည်ဆိုင်၊ အရက်ဆိုင်တွေကတော့ ဘယ်နှဆိုင်တောင်ရှိသည် မသိ။ သူ အဘမိုးဆီတန်းလာခဲ့ပြီး

အကျိုးအကြောင်းပြောရသည် ။ နောက် ဆရာတော်ထံ လှူဖွယ် ပစ္စည်းများ နှင့်လှူဒါန်းပြီး ကျောင်းမှာ အခိုက်အတန့်ခိုလှုံခွင့်လေး တောင်းခံရသည် ။

ဆရာတော်က လွှမ်းစစ်ကို သေသေချာချာကြည့်ပြီး...

“ဒကာလေးက မောင်ရဲဒင်ရဲ့ မိတ်ဆွေလား”

“ဟုတ်ပါတယ်ဘုရား၊ ဒါပေမဲ့”

သူစကားတောင် မဆုံးသေး။ ဆရာတော်က ဩဝါဒပေးချေပြီ။

“ကျောင်းမှာ နေတာက ရပါတယ်၊ ဒါပေမဲ့ ဒကာလေး ကောင်းကောင်း မွန်မွန်နေဖို့ တော့ လိုမယ်။ သူတော်ကောင်းတွေ ရဲ့ နယ်မြေမှာ အနိဋ္ဌာရုံတွေ မမြင်ပါရစေနဲ့ တော့ကွယ်”

“တပည့်တော် လူဆိုးမဟုတ်ပါဘူးဘုရား၊ အခြေအနေအရ ကိုရဲဒင်ဟာလည်း လူဆိုးဖြစ် နေရပေမယ့် သူမှာ လည်း စိတ်ကောင်းနှလုံးကောင်းရှိပါတယ်”

“အေးပေါ့လေ၊ ဒါပေမဲ့ လူတွေက အပေါ်ယံအသွင်အပြင်ကိုပဲကြည့်ကြမှာ ပေါ့။ ကောင်းကောင်း မွန်မွန်နေရင် ဘုန်းကြီးတို့ လက်ခံပါတယ်။ ကပ္ပိယကြီးဆီမှာ နေစရာတောင်းပြီး နေပေတော့”

“မှန်ပါဘုရား၊ ကျေးဇူးကြီးလှပါတယ်ဘုရား”

ဆရာတော်ထံမှ ခွင့်ပြုချက်ရခဲ့ပြီမို့ လွှမ်းစစ်က ကပ္ပိယကြီး အဘမိုးနှင့်အတူ ကျောင်းပေါ်မှ ဆင်းခဲ့သည် ။ ဘုန်းကြီးကျောင်းက ရွာပြင်၊ ရွာဦးမှာ ရှိပြီး ရှေးကျောင်းကြီးပီပီ ကြီးမားခန့်ထည် ပါ၏။ သစ်သားနှစ်ထပ်ကျောင်းဆောင်ကြီးဖြစ်ပြီး ကျောင်းဝင်းထဲမှာ လည်း ဇရပ်နှစ်ဆောင်

ရှိသေးသည် ။

ကျောင်းမှာ ကိုရင် ဦးပဉ္ဇင်းမရှိဘဲ ကျောင်းထိုင်ဆရာတော်နှင့်ကပ္ပိယကြီးရယ်၊ နောက် ကျောင်းသားလေးနှစ်ယောက်ပဲမြင်သည် ။

“ကျောင်းသားကလေးတွေနဲ့ အဘကတော့ ကျောင်းအောက်မှာ နေတယ်။ လူလေးက ဟိုဇရပ်မှာ နေ”

“ကောင်းပါပြီအဘ၊ အဘထားတဲ့ နေရာမှာ နေပါ့မယ်”

သူလည်း အခြေအနေအရ ဘုန်းကြီးကျောင်းမှာ မှီခို။ ကျောင်းမှ ကျွေးသည့် ထမင်းကျန် ဟင်းကျန်ကိုစားရပြီမို့ ကျောင်းဝန်းထဲမှာ တံမြက်စည်းလှည်းရင်း ရှေ့ခရီးစဉ်ကို သူစဉ်းစားရ၏။

ခေါင်ရည်ဆိုင်ကို သွားရအောင်လည်း သူက အရက်သေစာမသောက်မစားတတ်။ ပြီးတော့ ဒီလိုဒုစရိုက်ရွာမှာ အရက်ဆိုင်ဆိုတာ သွေးဆူနေတဲ့ လူရမ်းကားတို့ ရဲ့ နေရာ။

အစ်ကိုရဲဒင်နှင့်မြင့်မိုရ်တောင် အရက်ဆိုင်မှာ အစပျိုးပြီး မဖြစ်သင့်တာတွေဖြစ်ခဲ့ကြတာများ လား။ ပြီးတော့ ကိုယ်နေတာက သူတော်ကောင်းတို့ ရဲ့ နယ်မြေမို့ အရက်သေစာနှင့်လည်း မအပ်စပ်။

“အဘမိုးကိုပဲ မေးမြန်စုံးစမ်းကြည့်ရမယ်”

အဘမိုးဆိုတာ အသက်ခြောက်ဆယ်ခန့်ရှိသည့် ရှမ်းကြီးဖြစ်ပြီး လူကပေါ့ပေါ့ပါးပါး။ သိုင်းသမားတစ်ယောက်ပုံစံမျိုး။ စိတ်ကောင်းနှလုံးကောင်းလည်း ရှိမည့်ပုံ။ ဒါကြောင့်လည်း အစ်ကို ရဲဒင်က ယုံကြည်စွာသူ့ကို အထုပ်အပ်ခဲ့တာပါ။

ညကျတော့ လွမ်းစစ်လည်း ကပ္ပိယကြီးရှိရာကျောင်းအောက်ထပ်သို့ လျှောက်လာခဲ့သည် ။ ကပ္ပိယကြီးနှင့်ကျောင်းသားလေးနှစ်ယောက်က

သူ့ကို စူးစမ်းသည့်အကြည့်နှင့်ကြည့်ကြ၏။ သူ့ကို မယုံသင်္ကာဖြစ်နေသလားမသိ။ သူ့ပုံစံကလည်း ထောင်ထွက်ပီပီ ညှဉ်းဆိုးဆိုးပေါ့။ ထောင်ထဲမှာ အနေဆင်းရဲအစားဆင်းရဲအလုပ်ကြမ်းတွေလည်း လုပ်ခဲ့ရသည် မို့ သူဌေးသားပုံစံပျောက်နေ၏။

“အဘကိုမေးစရာရှိလို့ စုံစမ်းစရာရှိလို့ ပါ”

“အေး... လာကွယ်၊ အဘလည်း ဒီမှာ ကလေးတွေကို ပုံပြင်တွေနီတိတွေ ပြောပြနေတာ”

“တခြားမဟုတ်ပါဘူးအဘ၊ ကိုမြင့်မိုရ်ရဲ့ ညီမလေးနှစ်ယောက် ဘယ်လိုနေပြီး ဘယ်လိုတွေ စားကြတယ်ဆိုတာ သိချင်လို့ ပါ”

အဘမိုးအနားမှာ ထိုင်လိုက်ပြီး သူ စတင်စုံစမ်းတော့ အသက် (၁၂) နှစ်ခန့်စီရှိမည့် ကျောင်းသားလေးနှစ်ယောက်က သူ့ကိုမော့ကြည့်ကြ၏။

“ဘာလုပ်မလို့ လဲ၊ ခင်ဗျား သူတို့ ကို ဒုက္ခပေးမလို့ လား”

“မဟုတ်ပါဘူးကွာ၊ ငါ သူတို့ ကို ကူညီချင်လို့ ပါ။ သူတို့ အကြောင်းမင်းတို့ သိသလားဟင်”

ကလေးနှစ်ယောက်က သူ့ကို အဖြေမပေး။ စူးစမ်းသည့်အကြည့်နှင့် ကြည့်ကြဆဲ။ အသက်နှစ်ဆယ်ကျော်အရွယ် လူချောတစ်ယောက်ကို တွေ့ကြရ၏။

မျက်လုံး မျက်ခုံးထင်းထင်း။ နှာတံလှလှနှင့် လွှမ်းစစ်ဟာ ထောင်မကျခင်က ဖြူနုနေခဲ့ ပေမယ့် ယခုတော့ အသားတွေက ကြေးနီရောင်သန်းပြီး လူက ကြံ့ခိုင်နေသည် ။

ကလေးတွေ ပေါက်ကရပြောမှာ စိုးသဖြင့် ကပ္ပိယကြီး က ကလေးများကို အိပ်ခိုင်းလိုက်သည် ။

“ကဲကဲ ကလေးတွေ သွားအိပ်တော့၊ သူတို့ အကြောင်းအဘပဲပြော လိုက်မယ်”

ကလေးနှစ်ယောက် သူတို့ နေရာမှာ သွားအိပ်ကြတော့မှ အဘမိုးက သူ့ကို ရှင်းပြခဲ့သည် ။

“မြင့်မိုရ်တို့ မောင်နှမတွေအဖြစ်က သနားစရာပါလေ။ မိဘတွေမရှိကြတော့ ဒီအစ်ကိုကိုပဲ အားကိုးနေကြရတာ။ ဒါပေမဲ့ မြင့်မိုရ်က အသတ်ခံလိုက်ရတော့ အားလုံး အသိုက်ပျက် ဘဝပျက်ကြရတော့တာ”

“ဗျာ သူ . . .သူတို့ တွေ ဘယ်လိုဖြစ်ကုန်ကြလို့ လဲ အဘရယ်။ အဘ သူတို့ အကြောင်း သေသေချာချာသိလို့ လားဗျာ”

သူ ပူပူပင်ပင်စကားဆိုတော့ အဘမိုးက အဝေးသို့မျှော်ငေးရင်း စိတ်ထိခိုက်စွာပြောခဲ့သည် ။

“ဒီကလေးတွေအားလုံး အဘရဲ့ မျက်စိအောက်မှာ ကြီးပြင်းလာခဲ့ကြတာပဲ။ အဘသေသေ ချာချာသိတာပေါ့”

“မောင်က မောင်ရဲဒင်ရဲ့ သူငယ်ချင်းဆိုတော့ သူတို့ ပေါ် စေတနာထားနိုင်မှာ မို့လား”

“အစ်ကိုရဲဒင်ကိုယ်တိုင်ကိုယ်က ဒီကလေးမနှစ်ယောက်အတွက် တော်တော်စိတ်ပူနေပါတယ် အဘ။ စိတ်ချရတဲ့ လူမရှိလို့ သာ ခုချိန်ထိကြာနေတာပါ။ သုံးနှစ်လောက်ကြာခဲ့ပြီဆိုတော့ ဘယ်လိုတွေဖြစ်ကုန်ကြပြီလဲဗျာ”

“အေးလေ၊ သုံးနှစ်တောင်ကြာခဲ့ပြီဆိုတော့ လမ်းဘေးပန်းလေးတွေ ခမျာ ဘယ်မှာ အနာတရကင်းစွာ ပွင့်လန်းနိုင်မှာ တဲ့ လဲလေ”

“ဘာပဲဖြစ်ဖြစ် ကျွန်တော်အတတ်နိုင်ဆုံး ကူညီအဖတ်ဆယ်ပေးချင်ပါတယ် အဘရယ်။ ကျွန်တော့်ကို အကျိုးအကြောင်း စုံလင်အောင်ပြောပြပါ”

*